# ငါးစွဲသမားအတွက် နာလဲ အလကားပါပဲ

အရှင်ဉာဏိက



Picture form Internet

**အသုတံ သုဏာတိ**-မကြား၊ မနာဖူးသော တရားကို ကြားနာရခြင်း။ **သုတံ ပရိယောဒါပေတိ**-ကြားနာဖူးပြီး တရားအပေါ် သံသယကင်း၊ ပိုမိုရှင်းလင်း ကြည်လင်ပြတ်သား သွားစေခြင်း။ **ကင်္ခံ ဝိတရတိ**-ယုံမှားတွေး တောမှု သံသယဝိစိကိစ္ဆာကို ကျော်လွှန်နိုင်ခြင်း။ **ဒိဋ္ဌိံ ဥဇုံ ကရောတိ**-အယူဖြောင့်မတ် မှန်ကန်စေခြင်း။ **အဿ စိတ္တံ ပသီဒတိ**-တရားနာသူရဲ့စိတ်ကို ကြည်လင်စေခြင်း။ (အင်္ဂုတ္တရနိကာယ၊ ဓမ္မဿဝနသုတ္တ)

တရားနာသူများမှာ ရရှိနိုင်တဲ့ ကောင်းကျိုးများကို အင်္ဂုတ္တိုရ်ကျမ်းလာအရ အကျဉ်းမျှ ဖော်ပြလိုက်ခြင်းပါ။ ဒီငါး မျိုးဆိုလျှင်ကိုပဲ တရားနာလို့ရတဲ့ အကျိုးတွေ များတာကို တွေ့ရမှာပါ။ ဒီငါးမျိုးအခြေခံလို့ ထပ်ဆင့်စဉ်းစား ကြည့်မယ်ဆိုလျှင်တော့ တရားနာတဲ့အတွက် ရနိုင်တဲ့အကျိုးတွေက မရေတွက်နိုင်လောက်အောင်ပင် ဖြစ်သွား တာကို တွေ့ရမှာပါ။ ဒီအကျိုးတရားတွေက စာလာပေလာစကား၊ တကယ်လည်း ယုတ္တိရှိ၊ သဘာဝလည်းကျတဲ့ အကျိုးများပါ။ သို့ပေမယ့် နာလေတိုင်း ဒီအကျိုးတရားတွေကို ရရော့လားဆိုရင်တော့လဲ နာသူရဲ့အခြေအနေ၊ နာသူရဲ့ ရည်ရွယ်ချက်စတာတွေနဲ့လည်း ဆိုင်ပါလိမ့်မယ်။

ဒီကောင်းကျိုးတရားများနဲ့ ဆန့်ကျင်ဖက်ဖြစ်နေတတ်သူတွေနဲ့လည်း မကြာမကြာ တွေ့ရတတ်ပါတယ်။ ပိုပြီး ရှင်းရှင်းလင်းလင်းပြောရလျှင် တရားနာခြင်းကြောင့် ကြားဖူးတရား ပိုမိုကြည်လင်ပြတ်သား နားလည်သွားရ မည့်အစား ပိုမိုရှုပ်ထွေး၊ ရတက်မအေး ဖြစ်နေတတ်သူတွေ။ သို့လောသို့လော ယုံမှားဒွိဟ သံသယ မိုများလာ သူတွေ၊ အမြင်အယူ အူတူတူဖြစ်သွားသူတွေ၊ စိတ်ဓာတ်တွေ မကြည်လင် မအေးမြ၊ ပိုပြီး အတ္တမာန်မာန ကြီး လာတတ်ကြသူတွေကိုလည်း မကြာမကြာ တွေ့တွေ့နေရပြန်ပါတယ်။ ဘယ်ဆရာတော်နည်းကမှ အမှန်။ ဘယ် နည်းကတော့ လွဲမှားနေလို့ တရားမရနိုင်ဘူး။ ဘယ်နည်းက စာနဲ့ကိုက်တယ်။ ဘယ်ဟာက စာမှာ မရှိ။ စသဖြင့် လည်း ဆရာ့စကားကို ကိုးကားလို့ ကျမ်းတတ်ကြီးများပမာ ပြောတတ်တာကိုလည်း ကြားရဖူးပါတယ်။ သူတို့ ခမျာ တရားဆိုလည်း နာလိုက်ရ။ တိတ်ခွေများက တဆင့်၊ လူကိုယ်တိုင်ကတသွယ်။ အားရ နားရတယ်မရှိ။ ကျင့်စဉ်တွေဆိုတာကလည်း နည်းလမ်း အသွယ်သွယ်။ တစ်နည်းချင်းစီကိုသာ အရောင်ချယ်ရမည်ဆိုလျှင်ဖြင့် သက်တန့်ရောင်စဉ် ဆယ်စဉ် မကပင် ရှိမည်ထင်ရမလောက်ပါ။

ခုလို ကံဆိုးလှစွာ တရားနာခြင်းကြောင့် ကောင်းကျိုးတွေတိုးလာရမည့်အစား၊ ဆိုကျိုးတွေ တိုးတိုးနေ တာက တော့ တကယ့်တရားတံခိုး၊ တရားနာကျိုးကြောင့်တော့ ဟုတ်မယ်လို့ မထင်မိပါဘူး။ တခုခုတော့ လွဲမှားချွတ် ချော်နေလို့ဖြစ်မယ်ရယ်လို့ ယူဆမိပါတယ်။ သူတို့အတွက် ကယ်တယ်ရှင် လုပ်လိုလို့ ဒီစာကို ရေးတာတော့

မဟုတ်ပါဘူး။ ကယ်တင်နိုင်တဲ့စွမ်းရည် ရှိသူလည်း မဟုတ်ပါဘူး။ တကယ်တော့ ဓမ္မကို ဓမ္မနည်းလမ်းကျ ကျင့်သုံးခြင်းကို၌ကပင်လျှင် ကယ်တယ်ရှင်ဝါဒကို မျက်ကွယ်ပြုခြင်းပဲ မဟုတ်လား။

ခုလို တရားနာကာမှ နာကြားတဲ့တရားက ကွယ်ကာထားသလိုဖြစ်လို့ အမှန်တရားကို မမြင်နိုင်တဲ့သူ အချို့ကို တွေ့ရတော့ သဗ္ဗတ်အူပေါက်ဆိုတဲ့ စကားက ခေါင်းထဲအလိုလို ဝင်ရောက်လာပါတယ်။ တရား အူပေါက်သူတွေများ ဖြစ်နေကြလေရော့သလားလို့လည်း တွေးမိပါတယ်။

ငယ်ငယ်က အဖွားနဲ့အချိန်များများ နေခဲ့ရတယ်။ နွေအခါ တောင်သူလုပ်ငန်းခွင် နားချိန်များမှာ အဖွားက ရက်ကန်းခတ်ပါတယ်။ ချည်ကိုဝယ်ပြီး ရက်ကန်းခတ်တာ မဟုတ်ပါဘူး။ ဝါအကြမ်းကိုဝယ်ပြီး ဝါဖတ်၊ ချည်ငင်တာက စလို့ ကိုယ်တိုင်ပြုလုပ်တာပါ။ ဒါကြောင့် ဗိုင်းငင်တဲ့အလုပ်ကိုလည်း လုပ်ရပါတယ်။ ဗိုင်းငင်တဲ့အခါမှာ ဝါဂွမ်းကို အလိပ်အတောင့်လေးတွေလုပ်ထားတဲ့ ဗိုင်းတောင့်ကို ရစ်လို့ခေါ်တဲ့ ဘီးတစ်လုံးတပ် လက်လှည့်စက်ရဲ့ တစ်ဖက်စွန်းက သံဝင်ရိုးမှာတပ်ပြီး ကန်တော့ပုံ၊ ခေါင်းလောင်းပုံ ချည်လုံးလေးတွေ လုပ်ယူရပါတယ်။ ဒီချည်လုံးတွေကိုတော့ ချည်ဝင်လို့ခေါ်ပါတယ်။ အဲဒီချည်ဝင်မှာ ဗိုင်းငင်စဉ်က သံဝင်ရိုးစွပ်ထားတဲ့ အူကြောင်းသင်္ကြာန် အခေါင်းလေးတစ်ခု ထင်ကျန်ရစ်ပါတယ်။

ချည်ဝင်လေးတွေက ချည်ကို အထပ်ထပ်ရစ်ပတ်ထားတာမို့ ချည်ခင်လုပ်ဖို့ ပြန်လည်ဖြေတဲ့အခါမှာ အပြင်ဖက်ကနေ သူ့အလှည့်အတိုင်း အလိုက်သင့်ပြန်ဖြေရပါတယ်။ ကံဆိုးလျှင်တော့ အကြောင်း တစ်ခုခုကြောင့် အစဉ်အတိုင်းဖြေရမည့်အစား အလည်အူကြောင်းက ချည်စတွေထွက်လာပြီဆိုလျှင် ဘယ်လိုမှ ပြန်လည်ဖြေလို့ မရနိုင်အောင် ချည်ဝင်က ရှုပ်ထွေးသွားတတ်ပါတယ်။ အဲဒါကိုတော့ ချည်ဝင်အူပေါက်တယ်လို့ ခေါ်ပါတယ်။ အူပေါက်တဲ့ချည်ဝင်ကတော့ ယက္ကန်းလုပ်ငန်းစဉ်မှာ ဘာမှဆက်သုံးလို့ မရတော့ပါဘူး။ အဖွားရဲ့ ချည်ဝင်တွေကို အများဆုံးအူပေါက်အောင် နှောင့်ယှက်သူက အနီးအနားမှာနေတဲ့ သူ့မြေး စာရေးသူပဲဆိုတာကတော့ အထူး ပြောဖို့လိုမယ် မထင်ပါဘူး။

ချည်ဝင်လေးတွေက ဆန်ကောထဲကို မှောက်ချထားရင် အချို့က ကန်တော့လေး မှောက်ထားသလို။ အချို့ကတော့ ခမောက်လေးတွေ၊ ခေါင်းလောင်းလေးတွေနယ်။ အချို့ကတော့ ဘုရားစေတီထိပ်က ထီးတော်လေးတွေ ပုံစံ။ အောက်ပိုင်းဝိုင်းဝိုင်းအပေါ်မှာ ထိပ်ဖျားမှာ ချည်စအချွန်လေးက ကွေးကွေးညွတ်ညွတ်လေး။ ရွာဦးကျောင်းက ဘုရားစေတီနှစ်ဆူမှာရှိတဲ့ ထီးတော်ရဲ့အဖျားတွေ ကိုင်းညွတ်နေတာကို ပြန်တည့်ပေးချင်စိတ်ရှိတဲ့ ကိုယ်က စေတီထီးတွေ ပြန်တည့်မတ်လာအောင် ဘာမှ မတတ်နိုင်တော့ ကိုယ်တတ်နိုင်တဲ့ အဖွားရဲ့ ချည်ဝင်ထိပ်ဖျားက ချွန်ချွန်ကောက်ကောက်လေးတွေကိုပဲ ထီးတော်အမှတ်နဲ့ ဆွဲဆွဲဆန့်ကာ တည့်မတ်တတ်ပါတယ်။ ဒီတော့ ချည်ဝင်အဖျားလေးတွေကို တည့်အောင်လို့ ဆွဲမတ်လေ၊ အစတွေက ရှည်ရှည်ထွက်လာပြီး ပိုပိုကိုင်းညွတ်လေ ဖြစ်လာပါတယ်။ အဆုံးမတော့ ချည်ဝင်တစ်ခုလုံး ရှင်းမရအောင် အူပေါက်ကာ ရှုပ်ထွေးသွားတတ်ပါတယ်။ အဖွားက သူ့ချည်ဝင်တွေကို ဆော့ရကောင်းလားဆိုပြီး ဆူပူကာ အနီးနားက ယောက်လုံးတွေ၊ လွှန်းတွေနဲ့ ရွယ်လေတိုင်း အဖွားကလည်း မြေးက ဘုရားထီးလေးတွေကို မတ်ပေးတာပါ။ ဆော့တာမှ မဟုတ်ပဲလို့ ပြောလိုက်ရင်ဖြင့် ကိုယ့်လိုပဲ ရွာဦးကျောင်းရှိ ဘုရားစေတီက ယိမ်းညွတ်နေတဲ့ ထီးတွေကို တည့်မတ်ပေးဖို့ စိတ်ကူးရှိတဲ့ အဖွားက ရွယ်နေတဲ့ သူ့လက်တွေကို ရုပ်သိမ်းသွားတတ်စမြဲပါပဲ။

ဒီချည်အူပေါက်တယ်ဆိုတဲ့ စကားလေးကိုယူပြီး ဖြေရှင်းလို့မရနိုင်အောင် ရှုပ်ထွေးတဲ့ ပြဿနာတစ်ခုခုကိုလည်း အူပေါက်တယ်လို့ သုံးနှုန်းကြတာဖြစ်မယ်ထင်ပါတယ်။ ဥပမာပြောရရင် သဘွတ်အူပေါက်၊ ရာဇဝင်အူပေါက် စသဖြင့်ပေါ့။ အလွန်ရှုပ်ထွေးတဲ့အခြေအနေကို ကြားရမြင်ရတိုင်း ချည်ဝင်အူပေါက်ကို ပြန်လည်မြင်ယောင် မိပါတယ်။ ခုလည်း ဟိုတရားတွေနှာ၊ ဒီတရားတွေနှာ၊ အယူဝါဒအမျိုးမျိုးတွေကြားမှာ ဘယ်ဟာက အမှန်တရား လဲလို့ မသိနိုင်လောက်အောင် ဖြစ်နေကြတဲ့သူတချို့ကို တွေ့နေရတော့ ငယ်ငယ်က ချည်ဝင်အူပေါက်တာကို သွားသတိရမိပါတယ်။ သူတို့တွေကိုတော့ တရားအူပေါက်နေကြသူတွေလို့ ဆိုရမလားပါ။

ကိုယ့်အတွေ့အကြုံအရ မကြာမကြာ အမေးခံရတဲ့ပြဿနာများက ကျင့်ပွားရေးအပိုင်းအတွက် သင်ကြားချက် များမှာ ပိုများပါတယ်။ ကျင့်ဖို့နာရာမှာ နာယူတဲ့အဆင့်မှာပင်လျင် ရှုပ်ထွေးနေကြလျင် ဘယ်လိုအကျင့်မှန် အထိ အရောက်လှမ်းနိုင်ပါ့မလဲ။ တကယ်တော့ တရားနာရခြင်းရဲ့ အကျိုးတရားတွေထဲမှာ ယုံမှားသံသယကို ကင်းစင်စေတယ်လို့ ဆိုထားတာပါ။ ခုတော့ တရားနာကာမှ ပိုပြီးသံသယတွေ များများလာ၊ ပွားပွားလာတယ် ဆိုတော့ တစ်ခုခု လွဲနေလို့သာ ဖြစ်ပါလိမ့်မယ်။

ဗုဒ္ဓရှေ့လက်ထက်တော်အခါက အယူဝါဒတွေ အမျိုးမျိုးကြားမှာ ဘယ်ဟာ အမှန်တရားလဲလို့ မသိနိုင်လောက် အောင် ရှုပ်ထွေးနေတဲ့ ကာလာမရွာသားတွေလို ဖြစ်နေကြပုံပါပဲ။ ဗုဒ္ဓကတော့ ကာလာမတွေရဲ့ အရှုပ်အထွေး ကို သဗ္ဗညုတဉာဏ်တော်စွမ်းအားနဲ့ နည်းကောင်းတွေပေးကာ ဖြေရှင်းတော်မူခဲ့တယ်။ ဗုဒ္ဓရဲ့ အဲဒီနည်းကောင်း တွေက ခုတိုင် ယုတ္တိဗေဒနဲ့ လက်တွေ့ကျမှုကိုမြတ်နိုးတဲ့ ပညာရှင်တွေကြား၊ ဆန်းစစ်မှုနဲ့ လေ့လာမှုကို ဦးစား ပေးတဲ့ ဝေဖန်သူတွေကြားမှာ ခိုင်မာတိကျတဲ့ စံနည်းလမ်းကောင်းများအဖြစ် ဆန်းသစ်နေဆဲ။ အလေးထားနေ ကြရဆဲပါပဲ။

ဗုဒ္ဓရဲ့ တပည့်ငယ်တဦးမျှသာဖြစ်တဲ့ စာရေးသူကတော့ ဒီလူတွေရဲ့ စရိုက်ကိုလည်း မသိသလို သူတို့နဲ့ ကိုက်မည့် စကားမျိုးပြောပြပြီး ညွှန်ကြားနိုင်လောက်အောင် အစွမ်းအစလည်း မရှိပါဘူး။ နောက်ပြီး နဂိုက ရှုပ်ထွေးနေတဲ့ အပေါ်မှာ ပိုမိုရှုပ်ထွေးသွားမှာစိုးလို့ ဝါဒသစ်တစ်ခုကိုလည်း ထည့်မပေးချင်ပါဘူး။ သို့ပေမယ့် အားလုံးနဲ့ သင့် တင့်နိုင်လောက်မယ့် အကြံပြုစကားလေးတော့ ပြောချင်ပါတယ်။ ဒါကလည်း ကိုယ့်အယူအဆကို ပြောပြတာမို့ ဇကန်ဇကေ အမှန်လို့တော့ မမှတ်ထင်စေချင်ပါဘူး။ အသုံးဝင်က အသုံးချ နိုင်ဖို့ပါ။ အသုံးမကျပါကလည်း ရဲရဲ သာ စွန့်ပယ်လိုက်ပါ။ ငါ့မိတ်ဆွေ၊ ငါ့သူငယ်ချင်း၊ ငါ့ဘုန်းကြီး၊ ငါ့ဆရာ စကားဆိုပြီး အတင်းကြီး စွဲမထားစေချင် ပါဘူး။ ဒါကလည်း ကာလာမရွာသားတွေကို ဗုဒ္ဓညွှန်ကြားခဲ့တဲ့စကားကိုပဲ တိုက်ရိုက်ယူပြီး သုံးလိုက်တာပါ။

တရားဟောပြောရာမှာ တချို့က အသိဉာဏ်ပေးပါတယ်။ သို့သော် ဘယ်လိုကျင့်ရမယ်ဆိုပြီး ကျင့်စဉ်ကို တိတိ ကျကျ မညွှန်ပြပါဘူး။ တချို့က ကျင့်စဉ်ကို ဟောပါတယ်။ သို့ပေမယ့် ဗဟုသုတဖြစ်ဖွယ် စကားကို များများ စားစား မပြောပါဘူး။ တချို့က ပစ္စုပ္ပန်ဘဝမှာ စိတ်ချမ်းချမ်းသာနေထိုင်နိုင်ရေး လမ်းပြပါတယ်၊ တချို့က ဘဝမှာ ပြည့်ပြည့်စုံစုံ နေထိုင်နိုင်ရေးကို ဦးစားပေးပါတယ်။ သံသရာကထွက်မြောက်ရေးကို ဦးစားသိပ်မပေးပါဘူး။ အဲ- တချို့ကျပြန်တော့လည်း လောကီလူမှုဘဝ စိတ်ချမ်းချမ်းသာသာ နေထိုင်နိုင်ရေးထက် လာမယ့်သံသရာဘဝ ကောင်းစားရေးအတွက်၊ သံသရာဘဝ မဆက်ကြရေးအတွက် ဦးစားပေးဟောပါတယ်။ လောကတန်ဖိုးကို လုံးဝ စွန့်ပယ်သူအချို့ရဲ့ ဟောပြောချက်များမှာဆိုလျင် လက်ရှိ ရရှိနေတဲ့ ဘဝဆိုတာ ဘာမှ အဓိပ္ပါယ်မရှိ၊ ဘာတန်ဖိုးမှ မရှိ၊နှစ်သက်စွဲလမ်းစရာ မရှိ၊ အရာအားလုံးဟာ ပျက်သုဉ်းမှုရဲ့ ယာယီခဏ ဟန်ပြအလှ တည်တန့်မှုလို့လည်း ဟောပါတယ်။ တချို့ဆရာများရဲ့ အပျက်မြင်တတ်လွန်းခြင်းက အမြင်ပျက်သည်အထိ အစွန်းရောက်အောင် ပို့

ဆောင်သလိုဖြစ်တာမျိုးကိုပင် နာကြားရဘူးပါတယ်။ ဘဝထဲမှာနေပြီး ဘဝကို အပျက်မြင်လွန်းလျှင်ဖြင့် ဘဝဆီက ဘယ်လိုအလှကို ရနိုင်ပါ့မလဲလို့ သံသယ ဖြစ်မိပါတယ်။ အနည်းဆုံး ဘဝထဲကနေ အလှတစ်ခုခုတော့ ရအောင် ဖော်ထုတ်နိုင်တယ်ဆိုတာလောက်တော့ အသိပေးသင့်မယ်လို့ ထင်ပါတယ်။

ခုလို ကိုယ်သန်ရာသန်ရာကို ဟောပြောကြတာ ပြဿနာ မဟုတ်ပါဘူး။ နာယူကြတာလည်း ပြဿနာ မဟုတ်ပါဘူး။ သတ္တဝါတွေဆိုတာက အမျိုးမျိုးအဖုံဖုံ။ စရိုက်ကလည်း အထွေထွေ အပြားပြား။ အချို့ ကြိုက်သူက ကြိုက်။ အချဉ်စားချင်သူက စားချင်။ အခါးလေးကိုမှ တမ်းတသူကလည်း တမ်းတမ်းတတ ရှိတတ်မှာပါပဲ။ ဒီအထဲ ဉာဏ် အဆင့်အတန်းဆိုတာကလည်း မတူခြားနား။ သဒ္ဓါ-ယုံကြည်မှု၊ ဝီရိယ-ကြိုးစားအားထုတ်လိုမှုစတဲ့ ဣန္ဒြေတရားများရဲ့ အနုအရင့်၊ အနိမ့်အမြင့်ကလည်း ကွာခြားသေး မဟုတ်လား။

ကျင့်စဉ်ပိုင်းနဲ့ပတ်သက်ပြီးတော့လည်း မြတ်ဗုဒ္ဓကိုယ်တိုင်ပင်လျှင် ပုဂ္ဂိုလ်အစားစား မတူကွဲပြားတာကို ဟောထားတာပါပဲ။ တချို့က တရားကို ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်း ကျင့်ပါမှ တရားရနိုင်တဲ့သူ။ တချို့ကြတော့လည်း ပင်ပင်ပန်းပန်း ကျင့်နေဖို့ မလိုပါပဲ အလွယ်တကူနဲ့ တရားရနိုင်တဲ့သူ။ တချို့ကြ မြန်မြန်၊ အချို့က နှေးနှေး။ သူ့စရိုက် သူ့ပါရမီနဲ့သူ။ ဒီတော့ ကိုယ့်အတွက် ဒီနည်းက ကောင်းပေမယ့် အခြားသူအတွက် အခြားနည်းက ကောင်းကောင်း ကောင်းနိုင်တာပါပဲ။ ဒီတော့ ကိုယ်နဲ့ မသင့်ရုံမျှနဲ့ ဒီနည်းလမ်းက အမှားရယ်လို့ လွယ်လွယ်နဲ့ ဆုံးဖြတ်သင့်မယ် မထင်ပါဘူး။ နောက်ပြီး အများစုက အကျိုးရှိတယ်လို့ အများကိုယ်တွေ့အရ လက်ခံထားတဲ့ နည်းလမ်းတစ်ခုကို အချိန်ပေးပြီး လက်တွေ့စမ်းသပ် မကြည့်ပါပဲနဲ့ အကျိုးမရှိဘူးရယ်လို့ အလွယ်တကူ မပြောဆိုသင့်ပါဘူး။ မတူခြားနားသူတွေအတွက် ဘယ်မှာလာလို့ ပုံသေ တသဘောတည်းထားလို့ ဖြစ်နိုင်ပါ့မလဲ။

အယူအဆအမျိုးမျိုး၊ သဘောထားအမျိုးမျိုးနဲ့ ဟောကြ နာကြတာပဲ ဖြစ်မှာပါ။ ကိုယ်တိုင်လေ့လာ ကျင့်ကြံကာ ဟောပြောသူတွေ ရှိသလို လေ့လာကျင့်ကြံရင်း နာကြားနေသူတွေလည်း ရှိမှာပါ။ ဒီအထဲကမှ ကိုယ်ကိုယ်တိုင် မကျင့်ကြံဘူးသော်ငြား လေ့လာသင်ကြားထားမှုကို အခြေခံပြီး ဟောပြောနေသူတွေ၊ နာရုံမျှသာ နာပြီး လက်တွေ့ကျင့်ကြံမှု အဆင့်ထိ မရောက်သေးသူတွေလည်း ရှိမှာပါပဲ။ ဒီအထဲမှာ ဘုရားထီးတွေ ငိုက်နေတာကို ပြုပြင်ရန် ဘာမှ မတတ်နိုင်လို့ ချည်ဝင်ထိပ်ဖျားကို ဘုရားထီး အမှတ်နဲ့ ဆွဲဆွဲပြီး တည့်မတ်အောင် ဆန့်ခဲ့တဲ့ ကိုယ်ငယ်ငယ်ကလိုပဲ တရားတွေ စောင်းနေတယ်၊ မှားနေတယ်လို့ ယူဆပြီး တရားမှန်ဖြစ်လာအောင် မတ်ပေးချင်နေတဲ့ ဟောသူ နာသူတွေလည်း ရှိမှာပါပဲ။ သဘောထားက အမျိုးမျိုး မဟုတ်လား။ ကိုယ်ဆွဲဆန့်ခဲ့တဲ့ ချည်ဝင်တွေ အူပေါက်ကုန်သလို တရားက မှားနေတယ် အထင်နဲ့ အမှန်တည့်စေဖို့ ပြင်လေကာမှ အူပေါက်သွားတာမျိုးလည်း ရှိနိုင်မှာပဲရယ်လို့ ဝမ်းနည်းစွာနဲ့ တွေးမိပါသေးတယ်။

ဘာတွေဘယ်လိုပင် ကွဲပြားကွဲပြား၊ ဘယ်လိုစရိုက်တွေပဲ မတူမတူ၊ တရားနာခြင်းကြောင့် ငြင်းခုံစရာတွေသာ များလာမယ်၊ အတ္တကို အခြေခံတဲ့ ငါ့တရားမှ အမှန်၊ သူ့ဟာက အမှား။ ငါ့ဆရာသမားမှ သူတော်စဉ်၊ သူ့ဆရာကဖြင့် မသူတော်ကြီး၊ စသဖြင့် မာနတွေပွား၊ ဒေါသတွေများသထက် များလာမယ်ဆိုရင်တော့လဲ ငါစွဲသမားအတွက်တော့ နာလဲ အလကားပဲ-ဆိုတာကိုတော့ဖြင့် သတိပေးစကား ပြောပြချင်ပါရဲ့။ ငြင်းဖို့ မဟုတ်၊ တိုက်ခိုက်ဖို့ မဟုတ်၊ ယှဉ်ပြိုင်စိန်ခေါ်ဖို့ မဟုတ်။ ငါသိ ငါတတ်လုပ်ဖို့ မဟုတ်။ ရှင်တော်ဘုရား၊ ဟောကြား အမှန်၊ တရားမှန်၊ ကျင့်ရန် နာပါသည်ဆိုတဲ့ သူတော်ကောင်းစိတ်ဓာတ် အခြေခံလေး မွေးမြူကာ တရားနာတတ်ကြပါစေရယ်လို့ အမှတ်တရ အသိပေးစကားလေးလည်း ပြောချင်ပါသေးတယ်။ ။